**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

**နေ့စဉ်ဈေးကွက်သတင်းလွှာ**

**June 29 , 2026** **Volume 103 , Number 21**


| ၂၉.၆.၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၂၉၅ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၂.၉၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၃.၂၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၇.၁၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၂၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၁၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၅.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၀၉ ကျပ် |

## CONTACT US


**ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ**

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကုန်ချောများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆွေးနွေး




နိုင်ငံတော်အတွက် အကျိုးရှိနိုင်ဖို့ ကုန်ချောများတိုးမြှင့်ထုတ်လုပ်နိုင်ရေးနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရမဲ့ အခြေအနေတွေကို အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးညိုစောက မှာကြားခဲ့ပါတယ်။ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ၁/၂၀၂၆ အစည်းအဝေး ကို ဇွန်လ ၂၈ ရက်က နေပြည်တော်ရှိ စက်မှုနှင့်အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှာ ကျင်းပရာ ဒုတိယသမ္မတဦးညိုစောက အခုလို ဆွေးနွေးမှာကြားခဲ့တာပါ။

အစည်းအဝေးမှာ နိုင်ငံတော်သမ္မတရဲ့လမ်းညွှန်ချက်တစ်ခုဖြစ်တဲ့ ဒေသတစ်ခုထွက်ကုန်တစ်ခုစီမံကိန်းဟာ နိုင်ငံတကာမှာလည်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ထုတ်ကုန်အမယ်သစ်တွေ ထုတ်လုပ်ရာမှာ ပြည်တွင်းမှာရှိတဲ့ ကုန်ကြမ်းတွေကိုသာ အသုံးပြုနိုင်မဲ့အခြေအနေတွေကို ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အတွက် အကျိုးရှိမယ့် ဝါ ၊ ဝါး ၊ ရော်ဘာနဲ့ကော်ဖီတို့ကို တိုးချဲ့စိုက်ပျိုးရေး၊ အရည်အသွေးပြည့်မီတဲ့ နိုင်ငံတကာဈေးကွက်ဝင် ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ဖို့ ကုန်ကြမ်း၊ နည်းပညာ၊ အရင်းအနှီးနဲ့ ကျွမ်းကျင်လုပ်သားစတဲ့ ဘက်စုံထောင့်စုံကဏ္ဍစုံကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရေး စတာတွေကို ဆွေးနွေးမှာကြားခဲ့ပါတယ်။

ဆက်လက်ပြီး လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုသာ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်လို့ စိုက် ပျိုးရေးလုပ်ငန်းမှာ အရေအတွက်နဲ့ အရည်အသွေးနှစ်မျိုးလုံး

တိုးတက်အောင် ဆောင်ရွက်နိုင်မဲ့အခြေအနေတွေ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက် မွေးမြူရေးလုပ်ငန်းတွေကို ခေတ်မီအောင် စနစ်တွေနဲ့ တိုးချဲ့ဆောင်ရွက်သွားရမဲ့အခြေအနေတွေ၊ နိုင်ငံအတွင်း စားသုံးဆီဖူလုံမှုရှိစေဖို့ ဆောင်ရွက်ရမဲ့ အခြေအနေတွေကိုလည်း ဒုတိယသမ္မတ ဦးညိုစောက ဆွေးနွေးမှာကြားခဲ့ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ပြည်နယ်အလိုက် သဘာဝသယံဇာတတွေကို တရားမဝင်သုံးစွဲခြင်းမပြုဘဲ စနစ်တကျသုံးစွဲဖို့နဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ ရေ၊ လျှပ်စစ်မီးနဲ့ အခြေခံအဆောက်အအုံတွေ စနစ်တကျရှိစေဖို့ လိုအပ်တဲ့အခြေအနေတွေ၊ ဉာဏ်ရည်တုနည်းပညာအပါအဝင် ခေတ်မီနည်းပညာတွေကို အသုံးပြုရေး စတာတွေကိုလည်း ဆွေးနွေးမှာကြားခဲ့တယ်လို့ သိရပါတယ်။

**Source: https://onenewstvchannel.com/business/trade**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၂၂-၆-၂၀၂၆ မှ ၂၆-၆-၂၀၂၆) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2026 Crop) ကျပ် ၃,၂၂၂,၀၀၀၊ မတ်ပဲ SQ/RC (2026 Crop) ကျပ် ၃,၅၅၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၁၄၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2026 Crop)ကျပ် ၂၀,၀၀၀ နှင့် မတ်ပဲ SQ/RC (2026 Crop)မှာ ကျပ် ၁၅,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၂၇,၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC(2026 Crop) ကွန်တိန်နာ ၁၉၀ လုံး (တန်ချိန် ၄၅၆၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၉၀ လုံး (တန်ချိန် ၂၁၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၉၅ လုံး (တန်ချိန် ၂၂၈၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC(2026 Crop) ကွန်တိန်နာ ၉၅ လုံး (တန်ချိန် ၂၂၈၀) နှင့် ပဲစင်းငုံ Red/ RC (2026 Crop) ကွန်တိန်နာ ၅၅ လုံး (တန်ချိန် ၁၃၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၇,၅၀၀၊ မြားနီ(သစ်) ကျပ် ၂၀,၀၀၀၊ ဆင်ဖြူကျွန်း ကျပ် ၃၄,၀၀၀ ၊ဟသာ်တ မိုးထောင် ကျပ် ၁၆,၀၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၃၁၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆင်ဖြူကျွန်း ကျပ် ၁၀၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၂၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ငရုတ်သီးများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ် ၃၃၀၀ (၆၆,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၂၁၀၀ (၄၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၁၂၀၀ (၂၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၄၈၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၇၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး များဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၃၉၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၉၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၄၁၀၀၊ ရေစကြို

ကျပ် ၆၀၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက် ၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၂-၆-၂၀၂၆ မှ ၂၆-၆-၂၀၂၆) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၃၉၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၉၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၆၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၅၀၀၊ မုံရွာသစ်ရှယ် ကျပ် ၃၉၀၀၊ မုံရွာလတ်ကြီး ကျပ် ၃၉၀၀၊ မုံရွာလတ်သန့် ကျပ် ၃၇၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၃၀၀ နှင့် မုံရွာလတ်ချော ကျပ် ၃၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၉ စီး (၅၉၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၃၁ စီး (၇၈၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၂ စီး (၁၉၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၁၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၇၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၇၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၃၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၂၁၇ (၆၆,၅၁၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၂၇၃၃ (၈၁,၉၉၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၅၁၆ ( ၁၅,၄၈၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၂၀၀၀၊ အောင်ပန်း OK ကျပ် ၂၄၀၀၊ အောင်ပန်း S1 ကျပ် ၂၄၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၂၀၀၊ အောင်ပန်း OK ကျပ် ၃၀၀၊ အောင်ပန်း S1 ကျပ် ၃၀၀ နှင့် အောင်ပန်း S2 ကျပ် ၃၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူး ကားစီးရေ ၆၃ စီး (၃၇၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၅၁ စီး (၃၀၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၂ စီး (၇၂,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ညှော်မထဆန်(မနောသုခ)ဟောင်းနှင့် ညှော်မထဆန်(မနောသုခ)သစ်တို့ဈေးတက်ပြီး ပေါ်ဆန်းမွှေး(ဟောင်း)၊ ပေါ်ဆန်းမွှေး (သစ်)၊ ဆန်ကွဲ B(1,2) / B(2,3,4) နှင့် ဖွဲနုတို့မှာ ဈေးငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါးလက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအား အနည်းအများအပေါ်တွင်မူတည်၍ ဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက်ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၂၂.၆.၂၀၂၆)ရက်နေ့တွင် ညှော်မထဆန်(ဟောင်း) တစ်အိတ် ၇၅,၀၀၀ကျပ်၊ ညှော်မထဆန်(သစ်) တစ်အိတ် ၇၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁,၂၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေး ဆန်(သစ်) တစ်အိတ် ၁,၂၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၅၂,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၅၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၆၀၀ကျပ် တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့ပါသည်။ (၂၉.၆.၂၀၂၆)ရက်နေ့တွင် ညှော်မထဆန်(ဟောင်း)တစ်အိတ် ၈၀,၀၀၀ကျပ်၊ ညှော်မထဆန်(သစ်)တစ်အိတ် ၇၅,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁,၂၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ် ၁,၂၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၅၂,၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4)တစ်အိတ် ၅၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၆၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ညှော်မထဆန်(ဟောင်း) တစ်အိတ် ၅၀၀၀ ကျပ်၊ ညှော်မထဆန်(သစ်) တစ်အိတ် ၅၀၀၀ ကျပ် တို့ဈေးတက်ပြီး၊ ပေါ်ဆန်းမွှေး (ဟောင်း)၊ ပေါ်ဆန်းမွှေး(သစ်)၊ ဆန်ကွဲB(1,2)/B(2,3,4)နှင့် ဖွဲနုဈေးနှုန်းတို့မှာ ဈေးတည်ငြိမ်လျက်ရှိပါသည်။ ညှော်မထဆန်(မနောသုခ)ဟောင်းနှင့် ညှော်မထဆန်(မနောသုခ)သစ်တို့ဈေးတက်ရခြင်းမှာ ဝယ်လိုအားများခြင်းကြောင့်ဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်မှ သိရသည်။

**Source:** ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## အမေရိကန်ကုမ္ပဏီများကို ဒီဂျစ်တယ်ဝန်ဆောင်မှုအခွန်စည်းကြပ်သော နိုင်ငံများအပေါ် ၁၀၀ % အခွန်ကောက်ခံမည်ဟု အမေရိကန်သမ္မတထရမ့်က ပြောကြား

အမေရိကန်ကုမ္ပဏီများအပေါ် ဒီဂျစ်တယ်ဝန်ဆောင်မှုအခွန်(digital services tax)စည်းကြပ်သော မည်သည့်နိုင်ငံ၏ ကုန်ပစ္စည်းများအပေါ်မဆို "၁၀၀ %အခွန်" ချမှတ်မည်ဟု အမေရိကန်သမ္မတထရမ့်က ၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်တွင် သတိပေးပြောကြားခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အမေရိကန်သမ္မတထရမ့်က ၎င်း၏ Truth Social လူမှုကွန်ရက်စာမျက်နှာတွင် "ဤအခွန်သည် ချုပ်ဆိုထားသော ကုန်သွယ်ရေးသဘောတူညီချက်များကို အကောင်အထည်ဖော်ပြီးဖြစ်စေ၊ လက်မှတ်ရေးထိုးပြီးဖြစ်စေ၊ မရေးထိုးရသေးသည်ဖြစ်စေ သက်ရောက်မည်ဖြစ်သည်" ဟုဖော်ပြခဲ့ကြောင်း၊ အမေရိကန်နိုင်ငံအပေါ် ဒီဂျစ်တယ်ဝန်ဆောင်မှုအခွန်ကောက်ခံသည့်အစီအစဉ် ဆောင်ရွက်သည့်နိုင်ငံများကို ချက်ချင်းအခွန်စည်းကြပ်မည်ဟု ပြောကြားခဲ့ကြောင်း၊ အမေရိကန်သမ္မတထရမ့်အနေဖြင့် ယခင်ကလည်း ဒီဂျစ်တယ်ဝန်ဆောင်မှုအခွန်များ စည်းကြပ်သောနိုင်ငံများကို လက်တုံ့ပြန်မည်ဟုပြောကြားခဲ့ကာ ၎င်းတို့သည် အမေရိကန်နည်းပညာကုမ္ပဏီကြီးများကို တရားမျှတမှုမရှိဘဲ ပစ်မှတ်ထားဆောင်ရွက်သည်ဟု စွပ်စွဲပြောကြားခဲ့ကြောင်း သိရသည်။

ဒီဂျစ်တယ်ဝန်ဆောင်မှုအခွန်များသည်ကမ္ဘာ့အကြီးဆုံးနှင့်အထင်ရှားဆုံး နည်းပညာကုမ္ပဏီများဖြစ်သည့် Meta၊ Alphabet နှင့် Amazon ကဲ့သို့သောအမေရိကန်ကုမ္ပဏီများအပေါ်သာ အများအားဖြင့် အကျုံးဝင်စေရန်ဆောင်ရွက်ထားခြင်းဖြစ်ကာ နိုင်ငံ (၁၂)နိုင်ငံကျော်သည် ဒီဂျစ်တယ်ဝန်ဆောင်မှုအခွန်များကို စည်းကြပ်ထားပြီးဖြစ်ကြောင်း၊ သမ္မတထရမ့်၏ ကိုယ်ပိုင်လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည့် အဆိုပါအကြောင်းအရာအရ ဥရောပနိုင်ငံများကို အဓိကထား ပြောကြားခြင်းဖြစ်ကြောင်း သိရသည်။

**Source: ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့**

## ၃ လနီးပါးကာလအတွင်း ပထမဆုံးအကြိမ် ဓာတ်ဆီဈေးတစ်ဂါလံလျှင် ၄ ဒေါ်လာအောက် ကျဆင်းခဲ့

အီရန်စစ်ပွဲကြောင့် ကမ္ဘာလုံးဆိုင်ရာ ရေနံဈေးနှုန်းများမြင့်တက်ခဲ့ပြီးနောက် ယနေ့(၁၈-၆-၂၀၂၆ ရက်)တွင် အမေရိကန်ပြည်ထောင်စု၌ ဓာတ်ဆီဈေးနှုန်းသည် ၃ လတာကာလအတွင်း ပထမဆုံးအကြိမ် တစ်ဂါလံလျှင် ၄ ဒေါ်လာအောက်သို့ ကျဆင်းခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ၏ နေ့စဉ် စက်သုံးဆီဈေးနှုန်းများဖော်ပြပေးလျက်ရှိသော American Automobile Association(AAA)ဝဘ်ဆိုဒ်တွင်ဖော်ပြချက်အရ ပျမ်းမျှဓာတ်ဆီဈေးနှုန်းသည် တစ်ဂါလံလျှင် ၃ ဒသမ ၉၉ ဒေါ်လာသို့ ကျဆင်းခဲ့ပြီး မတ်လ ၃၀ ရက်နောက်ပိုင်းကာလတွင် အနိမ့်ဆုံးဈေးနှုန်းသို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်နှင့်အီရန်တို့ ပဋိပက္ခရပ်စဲရန် သဘောတူညီချက်ရရှိလာနိုင်သည့် မျှော်လင့်ချက်ကြောင့် ရေနံစိမ်းဈေးနှုန်းများ ကျဆင်းလာသည်နှင့်အမျှ ဓာတ်ဆီဈေးသည်လည်း မကြာသေးမီရက်သတ္တပတ်များအတွင်း ကျဆင်းလာခဲ့ကြောင်းသိရသည်။

အမေရိကန်-အီရန် နှစ်နိုင်ငံပဋိပက္ခစတင်ဖြစ်ပွားသည့် ဖေဖော်ဝါရီလ ၂၈ ရက်ကတည်းက ဟော်မုဇ်ရေလက်ကြားစတင်ပိတ်ထားခဲ့ပြီး ရေနံနှင့်စက်သုံးဆီဈေးနှုန်းများမြင့်တက်စေခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးသဘောတူညီချက်သည် ကမ္ဘာ့ရေနံထောက်ပံ့မှု၏ငါးပုံတစ်ပုံဖြတ်သန်းသွားလာနေသည့် အရေးပါသော ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းရှိ Brent ရေနံစိမ်းဈေးနှုန်းသည် ကြာသပတေးနေ့(၁၈-၆-၂၀၂၆ ရက်)တွင် ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး တစ်စည်လျှင် ၇၈ ဒသမ ၄၆ ဒေါ်လာသို့ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်၏ အဓိကရေနံစိမ်းရည်ညွှန်းဈေးသတ်မှတ်ပေးသည့် West Texas Intermediate ရေနံစိမ်းအမျိုးအစား၏ဈေးနှုန်းသည် ၂ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တစ်စည်လျှင် ၇၅ ဒသမ ၁၀ ဒေါ်လာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသား စီးပွားရေးပညာရှင်နှင့်လောင်စာဆီဈေးကွက် လေ့လာသုံးသပ်သူတစ်ဦးဖြစ်သည့် Patrick De Haan က အမေရိကန်နှင့်အီရန်တို့သည် အပြုသဘောဆောင်သော ဦးတည်ချက်ဖြင့် ရှေ့ဆက်လက်ဆောင်ရွက်မည်ဆိုပါက ပျမ်းမျှဓာတ်ဆီဈေးနှုန်းများ ဆက်လက်ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ၏ အခြေအနေပေါ်မူတည်၍ အမေရိကန်တွင်အသုံးအများဆုံးဖြစ်သည့် Regular Grade ဓာတ်ဆီဈေးသည် ယခုနှစ်ကုန် သို့မဟုတ် ၂၀၂၇ အစောပိုင်းတွင် တစ်ဂါလံလျှင် ၃ ဒေါ်လာအောက်သို့ ကျဆင်းနိုင်သည်ဟု ၎င်းကခန့်မှန်းထားကြောင်း၊ အီရန်အား ဈေးကွက်တွင် ရေနံပြန်လည်ရောင်းချခွင့်ပြုပါက ဓာတ်ဆီဈေးနှုန်းများ ပိုမိုလျင်မြန်စွာကျဆင်းရန် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး၊ ကမ္ဘာ့ရေနံသိုလှောင်မှု ပြန်လည်ကောင်းမွန်လာစေရေး အရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source: (ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

## STOCK EXCHANGE (29.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,659 (Shares) | 103,585,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 18,000 | +500 | +2.86% | 17,000 | 18,000 | 17,000 | 1,195 | 20,930,500 | 33,109,694 | 595,975 |
| MTSH | 00002 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 4,580 | 39,388,000 | 38,929,150 | 334,791 |
| MCB | 00003 | 12,500 | -500 | -3.85% | 12,500 | 12,500 | 12,500 | 32 | 400,000 | 10,400,986 | 130,012 |
| FPB | 00004 | 7,000 | -100 | -1.41% | 7,100 | 7,100 | 7,000 | 1,685 | 11,903,400 | 31,144,738 | 218,013 |
| TMH | 00005 | 3,650 | +50 | +1.39% | 3,400 | 3,650 | 3,400 | 6 | 21,150 | 12,823,224 | 46,805 |
| EFR | 00006 | 2,050 | +50 | +2.50% | 2,000 | 2,050 | 2,000 | 1,594 | 3,195,450 | 19,977,223 | 40,953 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 50 | 200,000 | 10,497,598 | 41,990 |
| MAEX | 00008 | 6,100 | +0 | +0.00% | 6,000 | 6,100 | 6,000 | 4,517 | 27,547,000 | 23,804,946 | 145,210 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 29th Jun. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 819.11 | +5.21 | +0.64% | 801.18 | 819.89 | 801.18 | 13,659 | 103,585,500 | 8 | 1,553,749 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 29th Jun. 2026

| Trading Volume | Trading Value |
|---|---|
| 13,780 (Shares) | 107,501,800 (MMK) |

## Main Board

As of 1:00 pm, 29th Jun. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,659 (Shares) | 103,585,500 (MMK) |

| MYANPIX | 819.11 ▲ 5.21 |
|---|---|
| Total Volume (shares) | 13,659 |
| Total Value (MMK) | 104 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,553,749 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 18,000 | ▲ 500 |
| MTSH | 00002 | 8,600 | ▲ 0 |
| MCB | 00003 | 12,500 | ▼ 500 |
| FPB | 00004 | 7,000 | ▼ 100 |
| TMH | 00005 | 3,650 | ▲ 50 |
| EFR | 00006 | 2,050 | ▲ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 6,100 | ▲ 0 |